စိုးမိုးစာပေ

# ပျိုး

## ချစ်သူရဲ့တိုက်

Digital Art: Idea Kyaw & Wai Yan

# အခန်း(၁)

မိုးက ပိုသည်းလာသည် ။

ညနေခင်းရဲ့ အလင်းရိပ်တွေက အုံ့ဆိုင်း ညိုမှောင်နေသော မိုးသားရိပ်တွေ၏ ဝါးမျိုမှုအောက်မှာ သေဆုံး ကုန်ကြပြီလား မသိ။

ကားလေးကို ပိုမို ဂရုစိုက် မောင်းနှင် နေခဲ့ရသည် ။

ကားရှေ့မှန်ပေါ်သို့ အားပြင်းပြင်းနှင့် စီးကျနေသော မိုးရေစက်များကို wiper တံလေး နှစ်ချောင်းနှင့် အဆက်မပြတ် သုတ်သင်ရှင်းလင်းပေးနေရ၍ အတော်ကို ရေပါသောမိုးပါပဲ။ လမ်းမပေါ်မှာ တောင် ရေတွေ ပြည့်လျှံနေခဲ့ပြီ။

ကားရှေ့မီးတွေကို ဖွင့်ထိုးထားသည့် တိုင်အောင် မြင်ကွင်းတွေက မိုးစက်တွေဖြင့် မှုန်မှိုင်းမှိုင်း နေတာမို့ ပိုမို ကားလေးကို အရှိန်နှုန်းလျှော့မောင်းခဲ့ရသည် ။

ခြံထဲသို့ ကွေ့ဝင်ပြီး တိုက်ရှေ့ ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီးကာမှ ပိုမိုစိတ်အေး နိုင်တော့သည် ။

"သမီးရယ် နောက်ကျလိုက်တာ"

ပိုမို တွေးထင်ထားသည့် အတိုင်းပါပဲ။ ဧည့်ခန်းတံခါးဝမှာ ရပ်စောင့်မျှော်နေရှာသော ဒေါ်လေးကြိုဆိုသံမှာ ပူပင်စိတ်တွေနှင့် ဒေါသသံ သင့်

နေသည် ။

"ဒေါ်လေးကလည်း လေ နောက်ကျတာကိုပဲ အပြစ်တင်နေတယ်၊ မိုးတွေက ဒီလောက် ကောင်းနေတာ ဖြည်းဖြည်း မောင်းလာရပေါ့လို့ "

"အေးလေ မီးတွေက မှောင်မည်းနေတော့ ဒေါ်လေးမှာ ပိုပြီး စိတ်ပူနေရတာ"

"ပူ ပူနော် တစ်နေ့ တစ်နေ့ ဒေါ်လေးမှာ အဲဒီစိတ်ပူနေတဲ့ အလုပ်ကြီးပဲရှိတယ် မဟုတ်လား၊ ဒီတော့ စိတ်မပူပါနဲ့ လို့ မတားတော့ဘူး သိလား "

ပိုမို မျက်မှောင်လေးကျုံ့ နှုတ်ခမ်းလေးစူကာ ပြောလိုက်ရင်း လက်ကိုင် အိတ်လေးဆွဲပြီး အိမ်ထဲ လှမ်းဝင်ခဲ့၏။

ဒေါ်မြင့်မြတ်ငြိမ်းက အနောက်မှ မြည်တွန် တောက်တီးရင်း လိုက်လာခဲ့သည် ။

"သူ့ကိုပြောလိုက်ရင် ဒီလိုချည်းပဲ သူလုပ်ချင်တာကိုပဲ အမြဲလုပ်တဲ့ ကလေးမ၊ လူကြီးပြောရင်လည်း ဘယ်တော့မှ နားမထောင်ဘူး၊ ကိုယ့်ဒေါ်လေးက စိုးရိမ်လို့ ပြောတာ ဆူတယ် ပူတယ် ထင်နေတယ်"

ရှေ့မှ ပိုမိုငြိမ်အေးတစ်ယောက် ကြားမကြားတော့ မသိနိုင်ပါ။ သူမကတော့ နောက်မှ အဆက်မပြတ် ပြောပြီး လိုက်လာခဲ့၏။

"တီ တီ တီ"

ဟန်းဖုန်းလေး မြည်သံကြောင့် ပိုမိုငြိမ်းအေး အဝတ်အစား မလဲအားသေးဘဲ စားပွဲဘေး တင်ထားသည့် ဖုန်းကို ကောက်ကိုင် နားထောင်လိုက်ရ၏။

တစ်ဖက်က ကြားလိုက်ရသည် က ခက်မာအသံ။ သူမ ပြန်ရောက် မရောက်သိချင်၍ ဆက်လိုက်တာပင် ဖြစ်၏။

"အေး ငါ အခုပဲ ရောက်တာ၊ ဟုတ်တယ် မိုးက သည်းလိုက်တာဟာ၊ အေး အေး ကျေးဇူးပဲ ခက်မာ ဒါပဲနော်"

"ခက်မာဆီကလား"

"ဟုတ်"

အခန်းတံခါးဝမှာ ရပ်နေသော ဒေါ်လေးက လှမ်းမေးသည် ။ ပိုမို ခေါင်းကလေးညိတ်ကာ နှုတ်က တစ်လုံးတည်း ဖြေမိသည် ။

ပိုမို အဝတ်အစား လဲနေရင် စကားဖြတ်ဖို့ ကြိုးစားပေမဲ့ ဒေါ်လေးက တော့ စကားစပြန်ဆွဲ ထုတ်နေပြန်၏။

"ခုပဲ တွေ့လာကြတာ မဟုတ်လား"

"ဟုတ်တယ် ဒေါ်လေးရေ ပိုမို အိမ်ပြန်ရောက် မရောက်သိချင်လို့ ဖုန်းဆက်ပြီး လှမ်းမေးတာ မိုးတွေ အရမ်းသည်းနေတော့ စိတ်ပူလို့ လေ"

"ငါလည်း စိတ်ပူ နေရတာပါနော်၊ ငါစိတ်ပူတာကျ ညည်းက အပြစ်လို့ ထင်နေတယ် မဟုတ်လား"

"ဒေါ်လေးကလည်း လေ ဒေါ်လေးစိတ်ပူတာကို သမီးက အပြစ်ပြောနေလို့ လား၊ အဒေါ်နဲ့ တူမ ဒီနှစ်ယောက်တည်း ရှိတာ ပြဿနာ မရှာပါနဲ့ ဒေါ်လေးရာ"

"အမယ် ညည်းကပဲ ကျုပ်ကို ပြဿနာ မရှာပါနဲ့ လို့ ပြောရသေးတယ် ဟုတ်လား၊ တယ် ငါလုပ်လိုက်ရ"

ဒေါ်လေး လက်တစ်ဖက် မြှောက်တက် သွားသည် နှင့် ပိုမို လှစ်ခနဲ

အခန်းထဲက ထွက်ပြီးနေပြီ။ ဒေါ်လေးအကြောင်း ပိုမို အသိဆုံးလေ။

အမိမဲ့ အဖမဲ့ တစ်ဦးတည်းသော တူမလေးကို ဒေါ်လေးအပျိုကြီးက သိပ်ချစ်တာပဲလေ။ ပါးစပ်ကသာ စိုးရိမ်ပူပန်ပြီး တဖွဖွပြောတတ်တာ၊ ဘယ်တုန်းက နာကျင်အောင် ရိုက်နှက်ဖူးလို့ လဲ။

"ရေချိုးရင်လည်း မြန်မြန်ချိုးဦးနော် မိုးကအေးအေးနဲ့ "

"ဟုတ်"

ဒေါ်လေးက အဲဒီလိုပါပဲ။ ပိုမိုငြိမ်းအေးကို ကလေးလေး တစ်ယောက်လို ထင်နေတာ အခုအချိန်ထိ။ ထဘီရင်ရှားနှင့် မွေးပွသဘက်ကြီးကို ပခုံးမှာ တင်ရင်း ပိုမို ရေချိုးခန်းဘက် ဦးလှည့်ခိုက်မှာ ပဲ ဖုန်းမြည်သံက ပေါ်လာရပြန်၏။

"မိစံလား ပြော"

"စိတ်ပူလို့ ပိုမို နင်အိမ်ပြန် ရောက်ပြီလား"

"အေး ရောက်နေပြီ၊ ခုနပဲ ခက်မာကလည်း ဖုန်းဆက်တယ်၊ နင်တို့ နှစ်ယောက်ကိုလည်း အိမ်ပြန်ပို့ပြီးရော မိုးကဟယ် သဲသဲမဲမဲ ရွာချလိုက်တာ ကားကို မနည်းဂရုစိုက်ပြီး မောင်းလာရတယ်"

"ဟုတ်တယ်၊ မိုးလည်း ရွာရော ရှင်တော့ မိုးမိပြီလို့ ထင်လိုက်တယ်"

"ဟာ လမ်းပေါ်မှာ ရေတွေဆိုတာ ပြည့်လျှံနေတာပဲ ဒေါ်လေးက တော့ ထုံးစံအတိုင်း စိတ်ပူ နေတာပေါ့ဟာ"

"အေးပေါ့ မိုးက မှောင်မည်းလာတာကို၊ နင် ထမင်းစားပြီးပြီလား"

"ဘယ်က စားရဦးမှာ လဲ၊ အခုမှ ရေချိုးမလို့ လုပ်တုန်း"

"ကဲ ဒါဆို မြန်မြန်ချိုး၊ တော်ကြာ နင့်ဒေါ်လေး ပွမ်နေဦးမယ်"

တစ်ဖက်က မိစံဖုန်းလေး ပြန်ချသွားမှ ပိုမို အနောက်ကို လှည့်ကြည့်မိသည် ။ မိစံ ဆိုသည့်အတိုင်း ဒေါ်လေး အလိုမကျသော မျက်ဝန်းတွေနှင့် ရပ်ကြည့်နေတုန်းရှိ၏။

"ညည်းလေးတို့ အလုပ်တွေ ချည်းပါပဲလားအေရယ်၊ ခုပဲတွေ့ပြီး လမ်းခွဲ လာကြတာတောင် စကားတွေက မဝသေးဘူးလား၊ အိမ်က ကျုပ်နဲ့လည်း စကားပြောဖို့ လေး စဉ်းစားပါဦး မိပိုရဲ့ "

"ဒေါ်လေးကလည်း လေ ကြဲဖန်ပြီး အပြစ်တင်ဖို့ ချည်းပဲ၊ တစ်အိမ်တည်းနေ နေတိုင်းတွေ့နေတဲ့ တူဝရီးတွေကို၊ ကဲ ပိုမိုရေလေးတော့ ချိုးပါရစေဦး ချမ်း လာပြီ"

ပိုမို ပခုံးလေး တွန့်ကျုံ့ပြီး ပြောလိုက်တော့မှ ဒေါ်လေး မျက်စောင်းထိုးရင်း

"ကဲ ကဲ အမြန်ချိုးနော်၊ ဟင်းအိုးလေး ပြန်နွေးပြီး အသင့် ခူးထားလိုက်မယ်၊ ပြီးရင် ထမင်းစားခန်းထဲ လာခဲ့"

ဒေါ်လေး မီးဖိုခန်းဘက် လှည့်ထွက်သွားတော့မှ ပိုမို ရေချိုးခန်းဘက် ထွက်ခဲ့ရ၏။ နှစ်ယောက်တည်း ပါသော အိမ်မှာ ဒေါ်လေးက အိမ်မှုကိစ္စ အဝဝကို ကိုယ်တိုင်ပဲ တာဝန်ယူ တတ်သည် ။

အိမ်ဖော်မိန်းကလေး တစ်ယောက်တော့ ငှားပါဟု ပိုမို ဘယ်လိုပြောပြော ဒေါ်လေးက လက်မခံ။

"သမီးနဲ့ ဒေါ်လေး နှစ်ယောက်တည်း ရှိတာပဲ အပိုငွေတွေ ကုန်စရာမလိုပါဘူး၊ ဒေါ်လေး လုပ်နိုင်ပါတယ် သမီးရဲ့ "

"ဒေါ်လေး ပင်ပန်းလို့ ပြောနေတာ၊ ပြီးတော့ အိမ်မှာ ဒေါ်လေး တစ်ယောက်တည်း ကျန်ရစ်ခဲ့ရင် အဖော်ရတာပေါ့ ဒေါ်လေးရဲ့ "

"အမလေးတော် မလိုပါဘူး၊ အဖော်ရတာထက် အဲဒီအိမ်ဖော် မိန်းကလေးကို တာဝန်ယူ ထားရတာကို ပင်ပန်းလွန်းလို့ တော်ပါ၊ ဒေါ်လေး အကုန်လုံး လုပ်နိုင်တယ် ဘာအိမ်ဖော်မှ မလိုဘူး"

အပျိုကြီးပီပီ ဇီဇာကြောင်တတ်သော ဒေါ်လေးက ခါးခါးသီးသီးပါပဲ ။

တူမကိုတောင် အရိပ်လိုကြည့်ကာ တဖျစ်တောက်တော်က ပြောဆိုနေတတ်သော ဒေါ်လေးနှင့်လည်း ဘယ်အိမ်ဖော် မိန်းကလေး ရေရှည်တည့်မည်လဲ။

နောက်ဆုံးတော့ ဒေါ်လေး ဆုံးဖြတ်ချက်ကိုပဲ ပိုမို လက်ခံလိုက်ရတော့၏။

ရေမိုးချိုး အဝတ်အစား လဲပြီးတော့ စားသောက်ခန်းထဲ ပိုမိုရောက်ခဲ့တော့ ဒေါ်လေးက ထမင်းဝိုင်းနှင့် အသင့် စောင့်ကြို နေလေသည် ။

ပိုမို ထမင်းပွဲရှေ့ ဝင်ထိုင်သည် နှင့် ဟင်းခွက်ထဲက ဟင်းတွေကို ဒေါ်လေး ကိုယ်တိုင် ခပ်ထည့် ပေးတတ်သည် ။ ဒါက ဒေါ်လေး ပြုနေကျမို့ ပိုမို မငြင်းဆိုတော့ဘဲ အသင့်စား လိုက်ရပါသည် ။

"ကဲ ဒေါ်လေး ဘာတွေ ပြောချင်လို့ လဲ ပြောလေ"

"ထမင်းကို အေးအေးဆေးဆေး စားပါဦးနော် ပြီးတော့မှ ပြောမယ်"

"ဟော တွေ့လား ပြောဆိုတော့ မပြောဘူး၊ ပြီးတော့မှ ငါ့ကိုတော့ စကားမပြောချင်ဘူး မပြောနဲ့ နော်"

"စားမှာ သာ စားစမ်းပါ၊ ပြီးမှ ပြောမယ်လို့ ပြောပြီးပြီ မဟုတ်လား"

မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ရင်း ဒေါ်လေးဆိုတော့ ပိုမို

ပြုံးပြုံးလေးလုပ်ကာ ထမင်းကို ငုံ့စား နေလိုက်ပါသည် ။

ထိုစဉ်မှာ ပဲ အိမ်ဖုန်းက မြည်လာပြန်၏။

ပိုမို သွားကိုင်ဖို့ ထလိုက်စဉ်မှာ ပဲ ဒေါ်လေးက လက်ကာပြရင်း ထရပ်လိုက်ကာ

"စား စား ထမင်းစား ပျက်နေဦးမယ်၊ ကျုပ်ပဲ သွားကိုင်လိုက်မယ်"

ထမင်းကို တစ်လုတ်တောင် မနှိုက်ရသေးသော ဒေါ်လေးက ထထွက်သွားခဲ့၏။ တူမ ထမင်းစား ပျက်မှာ ဆိုးသော ဒေါ်လေးကတော့ အဲဒီလိုမျိုးလေ။

တူဝရီး နှစ်ယောက် တွေ့လိုက်လျှင်လည်း ဘယ်တော့မှ စကားပြောအဆင်မပြေတတ်။ ဆွေရယ်မျိုးရယ်လို့ ပြေးကြည့် လိုက်လျှင်လည်း ဒီ တူဝရီး နှစ်ယောက်ပဲ ရှိတာလေ။

ခဏကြာတော့ ဒေါ်လေး ထမင်းစားပွဲသို့ ပြန်ရောက်လာ၏။

"ဒေါ်လေး ဘယ်သူ့ဆီကလဲ"

"ဒေါ်ခင်မမတဲ့ ညည်းရဲ့ ဆယ်လူလာဖုန်းက ပိတ်ထားလို့ အိမ်ဖုန်းကို ခေါ်လိုက်တာတဲ့ "

"အင်း ဟုတ်တယ် သမီးဖုန်း ပိတ်ထားရင် အိမ်ဖုန်းသာ ခေါ်လိုက်လို့မှာ ထားတာ၊ ဘာပြောလဲဟင် ဒေါ်လေး"

"အရေးမကြီးပါဘူးအေ ပတ္တမြားကို စိန်ပတ်ချင်လို့ တဲ့ ၊ ညည်းဆီက စိန်ဝယ်ချင်လို့ တဲ့ လေ"

"ဟုတ်လား ဒေါ်လေးကလည်း ဘာလို့ သမီးကို မခေါ်လိုက်တာလဲ"

"ခေါ်မပေးနိုင်ပါဘူး၊ ညည်း ထမင်းစားနေတယ်လို့ ပြောလိုက်တယ်၊

ဒါဆို သူနောက်မှ ပြန်ဆက်ပ့ါမယ်တဲ့ "

"သူက ဘယ်နှရတီလောက် လိုချင်တာတဲ့ လဲ ဟင်"

"ဒါတော့ ကျုပ် ဘယ်သိမှာ လဲ၊ တစ်ဆင်စာ အတွက်လို့ တော့ ပြောတာပဲ"

"ဒေါ်လေးရယ် ပိုမိုကို လှမ်းခေါ်လိုက်ပါလား ဘာဖြစ်မှာ မို့လဲ"

"ထမင်း စားချိန်လေးတော့ စိတ်အေးလက်အေး စားသင့်တယ်အေရယ်၊ ညည်းဖုန်းက ခဏနေ ပြန်ဆက်လို့ ရတာပဲဥစ္စာ"

ပိုမို နှုတ်ပိတ် အရှုံးပေး လိုက်ပါသည် ။ ဒေါ်လေးအကြောင်း သိထားသူပဲလေ။

စားလက်စ ထမင်းကိုပဲ ဝအောင်စားပြီး လက်စသတ် လိုက်ရတော့၏။

ဧည့်ခန်းထဲမှာ ငါးမိနစ်ကျော်လောက် စောင့်လိုက်တော့မှ ဖုန်းက ပြန်ဝင်လာသည် ။

ဒေါ်လေးကတော့ မီးဖိုခန်းထဲမှာ သိမ်းဆည်း အလုပ်ရှုပ်နေမည် ထင်သည် ။

ပိုမိုမှာ လည်း အေးအေးလူလူနားဖို့ အချိန်မရှိ သေးပါ။

စာရင်းစာအုပ်တွေကို အလုပ်စားပွဲပေါ် တင်လိုက်ပြီး ကုလားထိုင်တစ်လုံးမှာ ကျောမှီ ထိုင်ချလိုက်မိ၏။

"ဘာလဲ စာရင်းတွေ လုပ်ရဦးမှာ လား"

ဒေါ်လေး အခန်းထဲ ရောက်လာတာ သိပေမဲ့ ပိုမို လှည့်မကြည့်နိုင်ဘဲ

"အင်းလေ နေ့တိုင်း လုပ်နေကျပဲဟာ ဒေါ်လေးကလည်း အထူးအဆ

န်းလုပ်ပြီး မေးနေပြန်ပြီ"

"ရော့ ဒီမှာ လက်ဖက်သုပ်နဲ့ ရေနွေးလေး သောက်လိုက်ဦး၊ ညည်းကိုကြည့်ရတာ တစ်နေ့တစ်နေ့ အလုပ်တွေနဲ့ ပိနေတာချည်းပဲ ညည်းအလုပ်တွေက တစ်နေ့တစ်နေ့ ရှုပ်နေတာပဲ"

စားပွဲစွန်းမှာ ရေနွေးကြမ်း ဓာတ်ဘူးနှင့် လက်ဖက်သုပ်ပန်းကန် ထည့်ထားသော လင်ပန်းလေးကို ချပေးရင်း ဒေါ်လေး ဆိုညည်းနေပြန်၏။

"ဒေါ်လေးကလည်း နော် ကိုယ့်တူမလေး အလုပ်နဲ့ အကိုင်နဲ့ ထိုက်သင့် သလောက်လေး အဆင်ပြေအောင် နေတာကို ကျေနပ်ရမယ့်အစား ဘာကြောင့် စိတ်တို ချင်နေတာလဲ"

"မနက်မိုးလင်းတာနဲ့ ဆိုင်သွား၊ ညနေဆိုင်သိမ်း အိမ်ပြန်လာ တစ်ခါတလေ ပစ္စည်းအော်ဒါ မှာ ထားလို့ ဆိုပြီး ဟိုအိမ်ဝင်ပေး ဒီအိမ်ပေးနဲ့ မိုးချုပ်၊ ပြန်လာတော့ ရေချိုးထမင်းစား စာရင်းတွေလုပ်နဲ့ တစ်နေ့တစ်နေ့ ညည်းကို ကြည့်ရတာ နားရတယ်လို့ မရှိပါဘူးအေ"

"သမီးက အဲ့သည် လို အနားမရအောင် လုပ်နေရတာကိုပဲ သဘောကျနေတာ ဒေါ်လေးရဲ့ "

"ဒီလို အမြဲတမ်းကြီး ညည်း လုပ်သွားနိုင်ရင်တော့ ကောင်းတာပေါ့လေ၊ မတော်လို့ ညည်းကျန်းမာရေးက အခြေအနေ မပေးလာရင် ဘယ်လိုလုပ်မလဲ"

"အဲဒါကြောင့် ဒေါ်လေး အပျိုကြီး ဖြစ်နေတာ သိလား၊ ဟိုတွေးပူ ဒီတွေးပူနဲ့ "

"ဩော် အေး အေး ပြောထား ပြောထားနော်၊ ညည်းလေးသာ ကျုပ်လို အပျိုကြီး မဖြစ်ပါစေနဲ့ "

စိတ်တိုနေသော ဒေါ်လေးကိုကြည့်ပြီး ပိုမို ပြုံးပြုံးလေး သဘောကျနေမိသေးသည် ။

"ဒေါ်လေးတောင် အပျိုကြီး လုပ်သေးတာပဲ ပိုမိုလည်း အပျိုကြီးပဲ လုပ်မှာ ပေါ့ ဒေါ်လေးရဲ့ ဟင့် ဟင့်"

"အင်း အဲဒီကိစ္စပဲ ဒေါ်လေး ပြောမလို့ နော်၊ ဒီမှာ ညည်းအပျိုကြီး လုပ်မယ်ဆိုတဲ့ ကိစ္စကိုတော့ ကျုပ် လုံးဝလက်မခံ ဘူးနော်"

"ဘုရားရေ"

ပိုမို ပါးစပ်လေးထဲ ရောက်လုလု လက်ဖက်တစ်ဇွန်းကို တန်းလန်းလေး ပြန်ကိုင်ထားမိရင်း မျက်ခုံးလေး ပင့်တက်ကာ ရေရွတ်မိသည် ။

"ဒေါ်လေးစကားက တစ်မျိုးကြီးပါလား"

"ဟုတ်တယ် ဒေါ်လေး သမီးကို ပြောစရာရှိတယ်"

သည် တစ်ခါတော့ ဒေါ်လေးစကားကို ပိုမို စိတ်ဝင်စား သွားရသည် ။

ဒေါ်လေး မျက်နှာကလည်း တည်ငြိမ်လို့ မျက်ဝန်းတွေက လေးနက်သွားခဲ့သည် က အသေအချာ။

"ဒေါ်လေး ဘာပြောမလို့ လဲ"

"အင်း မောင်တစ်ကျိပ်ပင် ရှိလင့်တကား လင်ယောက်ျားမရှိသော မိန်းမသည် မတင့်တယ်တဲ့ "

"ဟာ ဒေါ်လေးပြောချင်တာ အဲဒါလား"

"ဟုတ်တယ် သမီး၊ ခုဆို တို့ တူဝရီး နှစ်ယောက်တည်း ယောက်ျားသားရယ်လို့ အရေးအကြောင်း ပေါ်လာရင်တောင် အားကိုးစရာ မရှိဘူး၊

ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က မလေးစား ချင်ဘူးပေါ့ သမီးရယ်"

"ဒေါ်လေးကလည်း အခု ဘယ်သူတွေက သမီးကို စော်ကားနေလို့ လဲ ဒေါ်လေးလည်း အပျိုးကြီးဘဝနဲ့ နေနေခဲ့တာ ဖြစ်နေတာပဲ မဟုတ် လား၊ သမီး ယောက်ျား မယူချင်ပါဘူး၊ အပိုအလုပ်တွေ မလုပ်ချင်ဘူး ဒေါ်လေးရာ "

"ဒေါ်လေးဘဝက နေလို့ ဖြစ်ခဲ့ပေမဲ့ ဒေါ်လေးသေသွားပြီး ညည်းတ စ်ယောက်တည်း လောကကြီးထဲမှာ ထားရစ်ခဲ့ရမှာ ဒေါ်လေး ဘယ်လို စိ တ်အေးနိုင်မှာ လဲ"

"ဒေါ်လေးကလည်း လျှောက်ပြီး တွေးပူနေပြန်ပါပြီ၊ ခုလည်း ဒေါ် လေး သေဦးမှာ မှ မဟုတ်သေးတာ"

"ဟဲ သေခြင်းတရားဆိုတာ မပြောနိုင်ဘူးဟဲ့၊ နေ့မြင်ညပျောက်တွေ က အများကြီး ညည်းအမေနဲ့ အဖေပဲ ကြည့်ပါလား၊ ဖြုန်းစားကြီး လူ့ လောကထဲက ထွက်သွားကြတာ ဘယ်သူက ထင်မှာ လဲ"

ဒေါ်လေးစကားကြောင့် ပိုမို တွေတွေကလေး ဖြစ်သွားရသည် ။

အဖေနဲ့ အမေကို ပိုမို အာရုံထဲမှာ ပြန်သတိရ လိုက်မိတာကြောင့်ပဲ ဖြစ်သည် ။ ဒါကို ဒေါ်လေးက ဘယ်လို ထင်မှတ်သွားခဲ့သည် မသိပါ။

"သမီး အဖေနဲ့ အမေ မသေခင်က လူကြီးချင်း စကားပြောထားတဲ့ ကောင်လေးရှိတယ်၊ အဲဒီကောင်လေးက နိုင်ငံခြားမှာ ကျောင်းသွား တ က်နေတယ်၊ အဲဒါ ညည်းကို ဒေါ်လေး အသိပေးပြောပြတာ"

ပိုမို တစ်ခါမှ မကြားခဲ့ဖူးသော စကား၊ အခုမှ ဒေါ်လေးနှုတ်က ထွ က်လာသော စကားမို့ အံ့ဩသွားရသည် ။ စိတ်ထဲကလည်း ခါးခါးသီး သီး ဖြစ်သွားရတာမို့

"ဘာလဲ ဒေါ်လေးက ပိုမိုကို ယောက်ျားပေးစား တော့မလို့ လား"

"သမီးအသက်ကို ပြန်တွက်ကြည့်ဦးလေ အသက်အစိတ် ကျော်သွားပြီ၊ နောက်သုံးလေးနှစ်ဆို သုံးဆယ်နား နီးနေပြီ"

"အသက်သုံးဆယ်နား ကပ်တာနဲ့ ယောက်ျားယူတာနဲ့ ဘာဆိုင်လဲ ဒေါ်လေးရဲ့ လုံးဝပဲ၊ ပိုမို လက်မခံနိုင်ဘူးနော်၊ ဒေါ်လေး အတင်းစီစဉ် လို့ကတော့ ပိုမို ဒီအိမ်က ထွက်ပြေးမှာ ပဲ"

"ဟဲ ဟဲ့ ဘယ်လိုစကား ပြောလိုက်တာလဲ"

ဒေါ်လေး ချောက်ချောက်ချားချား ဖြစ်သွားပုံရသည် ။ ပိုမိုကတော့ ဘယ်လိုမှ လက်မခံနိုင်တာမို့ အလျှော့မပေးဖို့ စိတ်ကူးပြီးသားလေ။

"အမှန်အတိုင်း ပြောတာနော်၊ ဒေါ်လေး ပေးစားမယ့် ယောက်ျားကြီး မလိုချင်ဘူး၊ သူများ တွေ ယောက်ျား ယူကြတယ်ဆိုတာ အားကိုးရာတာ ၊ ပိုမိုက ဘာအားကိုးမှ ရှာစရာ မလိုဘူး၊ ကိုယ့်ဘာသာ အားကိုးနိုင်တယ် ၊ ယောက်ျားယူပြီး ယောက်ျား ရှာစာဖွေစာကို မျှော်လင့်ပြီး စားရသော က်ရမယ့် ခပ်ညံ့ညံ့ မိန်းမသား မျိုးတွေထဲမှာ ပိုမိုငြိမ်းအေး မပါဘူး၊ ပိုမိုမှာ နေစရာလည်း ရှိတယ်၊ စားစရာလည်း ရှိတယ်၊ သူတို့လိုပဲ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်တယ်လေ"

ပိုမို မာနစိတ်ကလေးနှင့် ခပ်တင်းတင်း ဆိုနေတာကြည့်ပြီး ဒေါ်လေး ခေါင်းကို ခါယမ်းနေရှာသည် ။

"ညည်းနဲ့ တော့ ခက်တော့တာပဲ၊ လူကြီးပြောစကားလည်း နားမဝင်ဘူး၊ ဒီလိုစကားမျိုး ညည်းတစ်သက်လုံး ပြောနိုင်မှာ လား"

ပိုမို ခေါင်းကလေး မော့ပြီး မျက်နက်ဝန်းလေးတွေအထိ တောက်ပသော အပြုံးတွေ အရောင်ဟပ် စေအောင် ပြုံးလိုက်ရင်း

"ပိုမိုကတော့ ဒီစကားမျိုး တစ်သက်လုံး ပြောမှာ ပဲ၊ လုံးဝ ယောကျ်ား မယူချင်ဘူး"

"မယူလို့ မရဘူး၊ တော်ကြာ မတော်ရာ ယောကျ်ားနဲ့ တွေ့မှ ကိုယ်ကျိုးနည်းမယ် သိလား"

"မယူဘူးလို့ သမီးပြောပြီးပြီနော် ဒေါ်လေး"

"မယူလို့ မရဘူး၊ လူကြီးချင်း စကားပြောထားကြတာ မျက်နှာပျက် မခံနိုင်ဘူး"

"ဟာ ဖေဖေနဲ့ မေမေလည်း မရှိတော့ပါဘူး ဒေါ်လေးရာ ပြီးတော့ သမီးမှ သဘော မကျတာဘဲ"

"ဒီလို အလွယ်မပြောနဲ့ မိပို၊ မိဘတွေ မရှိတော့ပေမဲ့ အလေးအနက် ထားရမယ်၊ မိဘတွေက သင့်တော်တာကို စီမံခဲ့ကြတာ သမီး လက်ခံပါ၊ ဒေါ်လေး မျက်နှာ မပျက်ပါစေနဲ့ "

"မျက်နှာပျက် မခံနိုင်ရင် အဲဒီယောကျ်ားကြီးကို ဒေါ်လေးပဲ ယူလိုက်တော့၊ ပိုမိုတို့ ကတော့ လုံးဝ နိုးပဲ"

"ဟဲ့ ကောင်မလေး ဘယ်လို ပြောလိုက်တာလဲ"

"မသိဘူး"

ပိုမို ဘုတော တောပြီး စားပွဲပေါ်က စာရင်းစာအုပ်တွေ ကောက်ယူကာ အိပ်ခန်းဘက် လှစ်ခနဲ ပြေးထွက်ခဲ့သည် ။

အခန်းတံခါးကို ဝုန်းခနဲပိတ်ကာ အိပ်ခန်းထဲက မီးကိုပါ ဖျတ်ခနဲ မှိတ်ပစ် လိုက်တာမို့ ဒေါ်မြင့်မြတ်ငြိမ်း ဘာမှ မတတ်နိုင်လိုက်ပါ။

သည် ကိစ္စက သမီးလေး ပိုမို မိခင် မသေခင်က စီစဉ်သွားသည့် ကိစ္စ

။

အစ်မဖြစ်သူနှင့် ခဲအိုတို့ နှစ်ဦး ကားအက်စီးဒင့်ဖြစ်ပြီး တိမ်းပါးသွား ချိန်တွင် သမီးလေး ပိုမိုငြိမ်းအေးက ပထမနှစ် ကျောင်းသူလေး အရွယ် သာ ရှိသေး၏။

ထိုအချိန်ကတည်းက သမီးလေးကို စာနာစိတ်နှင့် သူမဘဝကို သမီး လေးအတွက် ပေးဆပ် နေခဲ့တာလေ။ တူမဆိုပေမဲ့ သမီးလေးသည် သူမ ရဲ့ သမီးရင်းချာလို ရှိခဲ့သည် ။ သံယောဇဉ်တို့ ရစ်နှောင်ခဲ့မိ၏။

သူမကတော့ တစ်ကိုယ်တည်း အပျိုကြီး ဆိုပေမဲ့ သမီးလေး ပိုမိုကို တော့ သူမလို လောကထဲမှာ အဖော်မဲ့စွာ မကျန်ရစ် ခဲ့စေချင်ပါ။

အားကိုး အားထားစရာ ဆွေမျိုး သားချင်းလည်း မရှိဘဲ ကျန်ရစ်ခဲ့မှာ တော့ သူမ ဘယ်လိုမှ စိတ်မချနိုင်ပါ၊ ပြီးတော့ ဒါ သွားလေ သူတွေရဲ့ ဆ န္ဒမို့လည်း သူမ မပျက်ယွင်းစေချင်။

သမီးလေး ပိုမိုကတော့ မာန်မာနလေးနှင့် ခါးခါးသီးသီး ငြင်းနေသ ည် ။

သူမ လောကထဲမှာ မရှိတော့သည့် အနာဂတ်မှာ သမီးလေးအတွက် တွေးပူရင်း အိပ်ပျက်ခဲ့ရသော ညတွေ အများကြီးရယ်။

ဘယ်လိုမှ စိတ်ချလက်ချ မရှိနိုင်သော ကိစ္စကြီးရယ်။

သမီးလေး လက်ခံကြည်ဖြူအောင် ဘယ်လိုများ စီစဉ်ရပါ့မလဲ။

***

## အခန်း(၂)

ပိုမိုငြိမ်းအေး၊ ခက်မာမင်း၊ သီရိစံ။

သူမတို့ သုံးဦးစလုံးက မိဘအသိုင်းအဝိုင်း ချမ်းသာပြည့်စုံသော မျိုးရိုးက ဆင်းသက် လာသူတွေဖြစ်သည် ။ ဒါကြောင့်လည်း အပူအပင် ကြောင့်ကြကင်းသည် ။ မာနစိတ် ကလေးတွေ မြင့်မားသည် ။

သည် လို မြင့်မား ရလောက်အောင်လည်း လက်ရှိဘဝမှာ သူမတို့ က လုပ်တိုင်းအောင်မြင်၊ ထင်တိုင်း ပေါက်ခဲ့ကြသည် ကိုး။

ပိုမိုငြိမ်းအေးတို့ မိဘမျိုးရိုးက စိန်ကုန်သည် ကြီးများ ဖြစ်၏။

မိခင် ဒေါ်လှမြတ်ငြိမ်းက အဘိုးအဘွားများ နှင့် မိဘ၏ လုပ်ငန်းကို ဆက်လက်ထိန်းသိမ်း လုပ်ကိုင်ခဲ့သူ တစ်ဦး။

တစ်ဦးတည်းသော သမီးလေး ပိုမိုငြိမ်းအေးကိုလည်း အမွေခြေရာ နင်းနိုင်အောင် ငယ်စဉ်ကတည်းက ပုံသွင်းသည် ။

ကျောင်းပိတ်ရက်တိုင်းမှာ သူမနှင့်အတူ တစ်ဖဝါးမခွာ ခေါ်သွားတတ်သည် ။ စိန်နှင့်ပတ်သက်သော ပညာများကို သင်ကြားပေးခဲ့လေ၏။

ပိုမိုကလည်း မိခင်ဖြစ်သူရဲ့ ဗီဇသွေး ပါသည် ဆိုရမည်။ ထိုပညာရပ်ကို စိတ်ဝင်တစား လေ့လာ သင်ယူခဲ့လေသည် ။

မမြင်နိုင်သော ကံကြမ္မာ အလှည့်အပြောင်းက မိဘနှစ်ပါး ရန်ကုန်မှ

မန္တလေးသို့ အသွားလမ်းတွင် ကားမှောက် တိမ်းပါးခဲ့ခြင်း ဖြစ်သည် ။ ထိုအချိန်တွင် ပိုမိုငြိမ်းအေးက ပထမနှစ် ကျောင်းသူလေး ဘဝပဲရှိသေး၏။

အသက်ငယ်ငယ် ရွယ်ရွယ်နှင့် မိခင်၏ ကျန်ရစ်သော လုပ်ငန်းများကို ပိုမို တာဝန်ယူခဲ့ရသည် ။ ငယ်ငယ်နုနု အရွယ်လေးနှင့် တစ်ကောင်ကြွက် ဘဝရောက်ခဲ့သော ပိုမိုကို မိခင်၏ ညီမဖြစ်သူ ဒေါ်မြင့်မြတ်ငြိမ်းက ဆက်လက် စောင့်ရှောက်ခဲ့သည် ။

တူမလေးကို စာနာသနား၍ စောင့်ရှောက်နေခဲ့သည် တိုင် ဒေါ်မြင့်မြတ်ငြိမ်းက လုပ်ငန်းတွေကို အစ်မဖြစ်သူလောက် နားလည်တတ်ကျွမ်းသူ မဟုတ်ခဲ့ပါ။ တစ်ကိုယ်တည်း အပူမရှာဘဲ တစ်ယောက်တည်း အေးချမ်းစွာ နေခဲ့သော အပျိုကြီးဖြစ်သည် ။

ပိုမိုငြိမ်းအေးသည် သာ မျိုးရိုးစဉ်ဆက် အမွေကို ထိန်းသိမ်း နိုင်ခဲ့သူဟု ဆိုရတော့သည် ။

ခက်မာမင်းနှင့် သီရိစံကို နှစ်ဦးကတော့ အထက်တန်း ကျောင်းသူကမှ တက္ကသိုလ် အထိတိုင် မေဂျာတူ အတန်းတူ တတွဲတွဲ ချစ်ခင်စွာ ရှိခဲ့သော ငယ်သူငယ်ချင်းများ ဖြစ်ကြသည် ။

ငယ်ငယ်ရွယ်ရွယ်နှင့် အတွေ့အကြုံ လုပ်ငန်းသဘောအရ ကျွမ်းကျင် အောင်မြင်နေသည့် ပိုမိုကို ခက်မာနှင့်မိစံတို့ က သဘောကျကြသည် ။

"ပိုမို နင့်အလုပ်ကို ငါတို့ စိတ်ဝင်စားတယ်ဟာ နင့်ဆီမှာ သင်ချင်တယ်"

"ဟုတ်တယ် ပိုမို၊ နင်လက်ခံမယ်ဆိုရင် နင့်လုပ်ငန်းထဲမှာ ငါတို့ ရှ

ယ်ရာထည့်ဝင် ချင်တယ်ဟာ"

ခက်မာကော မိစံကပါ လိုလိုလားလား ဆိုနေကြတော့ ပိုမိုကလည်း လက်ခံခဲ့သည် ။ သည် လိုနှင့် သူတို့ သုံးဦးပေါင်းပြီး စိန်ရတနာ တစ်ဆိုင်ကို ရန်ကင်းစင်တာမှာ ဖွင့်လှစ်ထားခဲ့လေသည် ။

Diamond Queen စိန်ဘုရင်မ ဟူသော သူတို့ ဆိုင်ကလေးကို ကျောင်းပြီးသည် နှင့် သုံးယောက် ပူးပေါင်း လုပ်ကိုင်ဖြစ်ခဲ့၏။

အထိုက်အလျောက် အောင်မြင်ခဲ့သည် ဆိုရမည်။ သူတို့ မိတ်နှင့်ရောင်းဝယ်ခဲ့ရသည် ။ ပိုမိုက စိန်ထည်များကို ဒီဇိုင်းလှလှလေး မှာ ယူကာ လှပသော စိန်ထည်လေးများကို ဖန်တီးခဲ့သည် ။

လက်ရာမြောက် ဆန်းသစ်သော စိန်လက်ဝတ် ရတနာများကြောင့်လည်း သူတို့ ဆိုင်ကလေးက နာမည်ကျော် ခဲ့သည် ဟု ဆိုရမည်။

လူငယ်လူရွယ် လေးများကိုလည်း မိမိတို့ လုပ်ငန်း အောင်မြင်ရမည် ဟူသော စိတ်ထားက ပိုမိုတို့ သုံးဦးလုံးရင်ထဲမှာ ခိုင်ကျည်သော် စိတ်ဓာတ်ပြည့်ဝ ယုံကြည်ခဲ့ကြသည် ။

ယခုတော"စိန်ဘုရင်မ" စိန်ရတနာ ဆိုင်ကလေးသည် အောင်မြင်တိုးတက် နေသည် က အသေအချာပင် ဖြစ်လေ၏။

'စိန်ဘုရင်မ' ရတနာ ဆိုင်ကလေးထဲက စိန်ပွင့်လေးတွေက တောက်ပလှပသလို ငယ်နုပြီး ချောမောသော ပိုမိုတို့ မိန်းကလေးသုံးယောက် သတင်းကလည်း နာမည်ကျော်သည် ။

တစ်နေ့ တစ်နေ့ ဆိုင်ရှေ့မှာ တရစ်ဝဲဝဲ လာလုပ်နေသော ယောကျ်ားလေးတွေ မနည်း။

"ပိုမို အဲဒီလူ ဆိုင်ရှေ့က ဖြတ်လျှောက်နေတာ ငါးခေါက်တိတိ

ရှိသွားပြီ"

"သူ့ဘာသူ လျှောက်တာ ဘာဖြစ်လို့ လဲ မိစံရဲ့ "

"ဘာဖြစ်လို့ မှာ လဲ တို့ ဆိုင်ထဲကို ကြည့်ပြီး လျှောက်သွားနေလို့ ပေါ့၊ သေချာတာက အဲဒီလူ မျက်လုံးတွေက နင့်ကို ကြည့်သွားတတ်တာပဲ"

"ဂရုစိုက် မနေစမ်းပါနဲ့ မိစံရယ်၊ သူ့ဘာသာ ငါးခေါက်မကလို့ အခေါက်ငါးရာ ဖြစ်ပါစေ၊ အရေးထားမနေနဲ့ "

"ဟုတ်တယ် မိစံ နင် လုံးဝသွားကြည့်မနေနဲ့ အရေးမစိုက်သလို နေပစ်လိုက်စမ်းပါ"

ခက်မာက ယတိပြတ် ပြောလိုက်မှ သီရိစံ ခေါင်းကလေးညိတ်ကာ ငြိမ်သွားခဲ့၏။

ကျောင်းမှာ ကတည်းက ရည်းစားထားဖို့ မဆိုနှင့် ယောကျ်ားလေး သူငယ်ချင်းတောင် မထားခဲ့ကြသော ပိုမိုတို့ သုံးယောက် သည် ကိစ္စမှာ တော့ တကယ့်စိတ်တူ ကိုယ်တူရှိသည် ။

အမြဲတမ်း အရိပ်လို လိုက်နေခဲ့သော ယောကျ်ားတွေကိုလည်း ပိုမိုအထင် မကြီးမိပါ။ ဆိုင်ထဲအထိ မျက်နှာပြောင် တိုက်ဝင်ကာ စိန်ထည် ပစ္စည်းတွေကို ပိုးပန်းဝယ်သော ယောကျ်ားတွေကိုလည်း ပိုမို အရေးမထားခဲ့ပါ။

"အလကား ယောကျ်ားတွေပါဟာ၊ မိဘအသိုင်းအဝိုင်းက ချမ်းသာတယ်ဆိုပြီး ငွေကို ရေလိုသုံးပြနေတာ အထင်ကြီးစရာ မရှိပါဘူး..."

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် နေနိုင်သော သူမအတွက် ယောကျ်ားများအား အထင်ကြီး အားကိုးစရာ မလိုဟူသော ဝါဒတစ်ရပ်က အစွဲတစ်ခုလို ဖြစ်နေခဲ့သည် ။

သူမကို ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားပြီး ပိုင်ဆိုင်ခွင့် တောင်းဆိုလာသော ယောက်ျား မှန်သမျှကိုလည်း ခေါင်းခါ ငြင်းခဲ့မိသည် ချည်း။

ယောက်ျား တစ်ယောက်ကို အိမ်ဦးနတ်သဖွယ် ကိုးကွယ်လက်ထပ်ရမည့်ကိစ္စကို အခုတော့ ဒေါ်လေးကိုယ်တိုင်က တိုက်တွန်းစီစဉ် နေသည် ဆိုတော့ ...

ပိုမို စိတ်ညစ်ညူးရသည် ။

ပိုမို နံဘေးမှာ အရိပ်ပမာ လိုက်ပြီး တောင်းဆိုနေခဲ့ သူတွေကိုတောင်မှ ဥပေက္ခာပြု ခေါင်းခါခဲ့သေးတာ။ ဒေါ်လေး အစီအစဉ်ကြီးကို ပိုမို ဘယ်လို လက်ခံရမည်လဲ။

ဖေဖေမေမေတို့ စီစဉ်ခဲ့သည့် ကိစ္စတဲ့ ။ ဟင့်အင်း ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်တာတော့ သေချာသည် ။

ဒေါ်လေးနှင့် အတိုက်အခံ ဖြစ်လျှင်လည်း ဖြစ်တော့ ပိုမို ဘက်ကတော့ လုံးဝ ငြင်းဆိုဖို့ အသင့်။

***

# အခန်း(၃)

"ပိုမို ရှင်ဘာဖြစ်နေတာလဲ"

စိန်ထည် ပစ္စည်းလေးများကို မှန်ပုံးထဲသို့ အစီအရီ ထည့်နေရင်း သီရိစံ လှမ်းမေး၏။ အတူလက်တွဲလာတာ ကြာပြီမို့ ပိုမို မျက်နှာအရိပ်အကဲ ကြိုမြင်ရုံနှင့် သီရိစံ သိပြီးသား...

"ညစ်နေတယ်ဟယ်"

"ညစ်နေရင် လျှော် လိုက်လေ"

မှန်ပုံးကလေးများကို ကြက်မွေး တံမြက်စည်းလေးနှင့် လှည်းနေရာမှ ခက်မာက လှမ်းနောက်သည် ။

"ငါ တကယ် ညစ်နေတာခက်မာ၊ နင်လာ နောက်မနေနဲ့ "

ဆိုင်ရောက်ကတည်းက စားပွဲမှာ ဝင်ထိုင်၊ စာရင်းစာအုပ်ကြီး ရှေ့ချလျက် ငိုင်တွေတွေလေး ထိုင်နေသော ပိုမိုကို သတိထားမိ၏။ စကားလည်း မပြော၊ စာရင်းတွေ တွက်နေတာလည်း မဟုတ်တော့ သီရိစံ မနေနိုင်ဘဲ မေးမိခြင်းလေ။

"နင် ဘာတွေ ဖြစ်နေတာလဲ ပိုမိုရဲ့ "

ခက်မာ ကြက်မွေးတံလေးကို ကိုင်ရင်း ပိုမို အနီးသို့ ရောက်လာ၏။

"မပြောချင်ပါဘူးဟာ ဒါပေမဲ့ ပြောရမှာ ပဲ"

"ရှင့်ပုံစံကြီးက တကယ် ညစ်နေတဲ့ ပုံစံပဲ ကဲ ပြောစမ်းပါ၊ ငါတို့ ကို မပြောလို့ နင်က ဘယ်သူ့ကို ပြောပြမှာ လဲ"

သီရိစံကလည်း အနီးသို့ ရောက်လာ၏။ သူငယ်ချင်းတွေ ဆိုပေမဲ့ ညီမအရင်း အစ်မအရင်း အချာလို နေခဲ့ကြသူတွေ ဆိုတော့လည်း တစ်ယောက်အပူကို တစ်ယောက် ဝေမျှခံစား ချင်၏။ ပိုမိုကလည်း အသိပေးချင်နေတာမို့။

"ငါ့ကို ဒေါ်လေးက အတင်းကြီး ယောက်ျား ပေးစားနေတယ်"

"ဟယ် တကယ်"

သီရိစံက ဇက်ကလေးပုပြီး တအံ့တဩ ဆိုရှာ၏။ ခက်မာက မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့လို့ ငြိမ်သက် ငေးစိုက်နေသည် ။

"ဟုတ်တယ် မေမေတို့ ရှိစဉ်ကတည်းက လူကြီးချင်း စီစဉ်ခဲ့တာတဲ့ ၊ အဲဒါကို ဟိုဘက်က သူတို့ သား နိုင်ငံခြားမှာ ကျောင်းသွားတက်တာ အခု ဘွဲ့ရလို့ ပြန်လာတော့မယ်တဲ့ ၊ မေမေတို့ မရှိလည်း သူတို့ ဘက်က ပြောထားပြီးသား စကားကို မဖျက်ပါဘူးတဲ့ လေ"

"ဘယ်ဖျက်မလဲ ရှင်က ကိုယ့်စီးပွား ကိုယ်ရှာနိုင်နေတဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေတာကိုး၊ ပြီးတော့ မိဘအမွေတွေလည်း ရှင်တစ်ယောက်ပဲ ရစရာ ရှိတယ်လေ၊ အဲဒီတော့ သူတို့ ပြောထားတာ ဘယ်ဖျက်မလဲ၊ သူတို့ သားအတွက် ပိုတောင် ကောင်းသွား သေးတယ်လေ၊ ယောက္ခမကြီး မျက်နှာကြည့်စရာတောင် မလိုတော့ဘူးပေါ့"

ခက်မာမင်းက နာမည်နဲ့ လိုက်အောင် ပြတ်ပြတ်သားသား စကားလုံးများ နှင့် ပြောတတ်ဖို့ ဝန်လေးသူ မဟုတ်ပါ။

ပိုမို သက်ပြင်းလေးကို လေးလေးကလေး ချလိုက်ရင်း

"ခက်နေတာက ဒေါ်လေးပဲ ခက်မာရယ်၊ သူက အတင်းကြီး စီစဉ် ပေးချင် နေတယ်"

"ဒေါ်လေးက ဘာလို့ အဲဒီလို စီစဉ် ပေးချင်ရတာလဲဟင်"

သီရိစံက မျက်လုံးကလေး ဝိုင်းလို့ မေးလာ၏။

သုံးယောက်တည်းမှာ သီရိစံက အအေးဆုံးနှင့် အကြောက်တတ်ဆုံး ပင်။ ခက်မာမင်းက မကြိုက်ရင် မကြိုက်သလို ပက်ခနဲ ပြန်ပြောတတ် သူ။

ပိုမိုကတော့ စိတ်ပြတ်သားပေမဲ့ အလိုက်အထိုက်တော့ ပြောတတ် သူ ဖြစ်သည် ။

သုံးယောက်စလုံးမှာ တူညီမှုက တစ်ခုရှိ၏။ အားလုံးမာနတွေက ခပ်ကြီးကြီးတွေ ဖြစ်နေကြတာ တစ်ခုပင်။

"ဒေါ်လေးက သူသေသွားရင် ငါတစ်ယောက်တည်း ဖြစ်ကျန်ရစ်ခဲ့မှာ စိုးသတဲ့ လေ"

"အင်း အဲဒါတော့လည်း ဟုတ်တာပဲ ပိုမိုရယ်"

သီရိစံက တိုးညင်းညင်းလေး ဆိုတော့ ပိုမိုစူးစူးရဲရဲ မျက်ဝန်းလေး တွေနှင့် စိုက်ကြည့်လိုက်ရင်း

"သြော် ငါက လူ့လောကကြီးထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ တာကမှ အေးအေးနေရဦးမယ်၊ လင်တစ်ယောက်နဲ့ ကျန်ရစ်ခဲ့တော့မှ အဲဒီလင်က ဒုက္ခပေးနေမှာ သိရဲ့ လား"

"မိစံရယ် ဒီကိစ္စတွေ နင်နားမလည်နိုင်ပါဘူး၊ အေးအေးနေစမ်းပါ၊ ငါနဲ့ ပိုမိုပြောပါဦးမယ်"

ခက်မာမင်းပြောတော့လည်း သီရိစံ ခေါင်းကလေး ညိတ်ပြန်၏။ ကျောင်းမှာ ကတည်းက ဘယ်လိုကိစ္စမျိုးမဆို သီရိစံက ခက်မာနှင့် ပိုမို ပြောသမျှ နားထောင်သူ အဖြစ်သာ ရှိနေတတ်သူလေ။

"ဒီကောင်က နိုင်ငံခြားမှာ ပညာသင်လာတာ ဆိုတော့ ဘဝင်က တော့ ရှိနေမှာ ပဲ၊ ရှင်ကလည်း မာနခပ်ကြီးကြီးနဲ့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ဘူး ပိုမို"

"သေချာတာပေါ့ ဒေါ်လေးက အဲဒါကို မတွေးဘူး၊ အတင်းကြီးကို စီ စဉ်နေတော့တာပဲ၊ အဲဒါကို ငါစိတ်ညစ်နေတာ"

"နင် အဲဒါကို အသေအချာ ပြောလေ၊ ဒေါ်လေး ဆက်မလုပ်ဖို့ ပြောပြ ပေါ့"

"ပြောထားတာပေါ့၊ ဒေါ်လေး အဲဒီကိစ္စကို ဆက်စီစဉ်မယ်ဆိုရင် ငါ အိမ်မှာ မနေဘူး ထွက်ပြေးမှာ လို့ အပြတ်ကို ပြောထားတာ"

"နင်ကလည်း ကလေးလေး ကျနေတာပဲ"

သီရိစံက မနေနိုင်စွာ ဝင်ပြော၏။

"ဟဲ့ သူ့ပုံစံက အတင်းကြီး စီစဉ်မယ့် ပုံမျိုးဟဲ့၊ ပြီးတော့ ပြောခဲ့လိုက် သေးတယ်၊ လူကြီးချင်း မျက်နှာပျက်မှာ စိုးရင် ဒေါ်လေးပဲ ယူလိုက်လို့ "

"အဟင်း ဟင်း ဒေါ်လေး ဘာပြောလဲ ပိုမို"

"စိတ်ဆိုးပြီး ငါ့ကို ကောင်းကောင်း ဆူတော့တာပေါ့"

ပိုမို စိတ်ထဲမှာ ညစ်ညူး နေတာလေးများ တောင် ပျောက်ရသေး၏။

"ငါ့အိမ်ကတော့ ငါ့ကို ယောကျ်ားကတော့ ယောကျ်ားပေးစားဖို့ တော်တော် စဉ်းစားနေကြရတယ် သိလား၊ ဘာလို့ လဲဆိုတော့ ငါက ဘု

ဆတ်ဆတ်နဲ့ မာကျောကျော နိုင်လို့ တဲ့ "

"နင်က အပေါက်ဆိုးလို့ မဟုတ်လား ခက်မာ"

ပိုမိုပြောလိုက်တော့ ခက်မာမင်း မျက်စောင်းတစ်ချက်က ဒိုင်းခနဲ ရောက်လာသည် ။

"သိရင်ပြီးတာပဲ ခပ်ဆိုးဆိုးပဲ ဟေ့"

"တချို့က ပြောကြတာတော့ အချစ်နဲ့ တွေ့လိုက်ရင် ဘယ်လောက်ပဲ မာကျောနေတဲ့ နှလုံးသားပဲဖြစ်ဖြစ် နူးညံ့သိမ်မွေ့ သွားကြတယ်တဲ့ ဟုတ်လား မသိဘူးနော်"

သီရိစံနှုတ်က ထွက်လာသည့်စကား ခက်မာကော ပိုမိုပါ ဖျတ်ခနဲ လှည့်ကြည့်မိကြ၏။

"ကြည့်စမ်း၊ ကြည့်စမ်း မိစံ၊ နင် ဒီစကားမျိုး ဘယ်လို ပြောတတ်နေတာလဲ"

"ဟုတ်ပ့ါ မိစံ ဘာလဲ နင်သဘောကျနေတဲ့ ယောကျ်ားလေး တွေ့နေပြီလား ပြောစမ်း"

နှစ်ယောက်စလုံး အလန့်တကြားနှင့် မေးခွန်းထုတ်ကြ၏။ သီရိစံ သဘောကျစွာ ရယ်မောလိုက်ရင်း

"နင်တို့ ကလည်း ဟာ င့ါများ အထင်ကြီး လိုက်ကြတာ၊ ဒီစကားလုံး တွေက ငါဝတ္ထုထဲကဖတ်ပြီး ပြန်ပြောပြတာပါ ဟ"

"သေဦးမယ်၊ ငါတို့ က နင်ရည်းစားများ တွေ့နေပြီလားလို့ "

"တွေ့စရာလား ပိုမိုရယ်၊ ငါ နင်တို့ နဲ့ ပဲ အမြဲရှိနေတဲ့ ဟာ၊ ပြီးတော့ ဒီသုံးယောက်ပဲ ရှိတဲ့ ဟာ နင်တို့ မသိအောင် ငါလုပ်ပ့ါမလား"

"အေးနော် နင် ဘာပဲဖြစ်ဖြစ် ငါတို့ ကို အရင်အသိပေး တိုင်ပင် မိစံ နင်က တကယ့်အူတူတူမို့ စိုးရိမ်တာ"

"ငါ့အတွက် မစိုးရိမ်ပါနဲ့ ခက်မာရယ်၊ အခု ပိုမိုကိုစွပဲကြည့်လေ၊ တို့ သူငယ်ချင်း ချောလေးအတွက် နှာမြောတယ်"

"အံမယ် ငါက ဘာဖြစ်တော့မှာ မို့လဲ၊ စိတ်ချ ဘယ်တော့မှ ယောကျာ်းမယူဘူး"

ပိုမို ယတိပြတ်လေးဆိုလည်း ခက်မာက ထောက်ခံသလို ပြုံးသည် ။

သီရိစံကတော့ ပိုမိုကို ငေးငေးကလေးကြည့်လို့ ။

ပခုံးစွန်းသာသာ ဝဲကျနေသော နီညိုရောင် ဆံပင်လေးတွေနဲ့ ဝင်းမွတ် နုဖတ်နေသော ပိုမို။ အဆင်းရော အချင်းပါ ပြည့်စုံသည့် သူငယ်ချင်း မလေးကို ပိုင်ဆိုင်သွားမည့် ယောကျာ်းကတော့ တကယ့် ကံကောင်းသူ ဖြစ်မှာ ပါ။

ဒါပေမဲ့ ပိုမိုဆိုသော မိန်းမချောလေး ရင်ထဲက နှလုံးသားကို ပျော့ပျောင်းအောင် စွမ်းနိုင်ဖို့ တော့ လိုမည်ထင်ရဲ့ ။

ဘယ်လိုအရာက ပိုမိုနှလုံးသားကို ပျော့ပျောင်း လှုပ်ခတ် စေနိုင်မှာ တဲ့ လဲ။

သီရိစံ တောင့်ကြည့်ချင်မိပါရဲ့ ။

***